ဥပမာအနေနဲ့တင်ပြရရင် ကရင်တိုင်းရင်းသားမျိုးနွယ်တွေဟာ ရှမ်းတိုင်းရင်းသားမျိုးနွယ်တွေထဲမှာ ပါနေတဲ့ တောင်သူလူမျိုးဆိုတာ ဒါ ကရင်လူမျိုးလို့ ဒီလိုမျိုးတင်ပြတာမျိုးလည်း ရှိပါတယ်။ နောက်ပြီးတဲ့အခါ ကျတော့ ကျွန်တော်တို့ ဒီနာဂလူမျိုးများဟာ ဒါဟာ သီးခြားလူမျိုးဖြစ်ပါတယ်။ ချင်းလူမျိုးနွယ်ကနေပြီးတော့ ဆင်းသက်လာတယ်ဆိုတာကိုလည်း သမိုင်းအမှန်ပြန်ပြင်ပေးပါလို့ တင်ပြနေတာမျိုးလည်း ရှိပါတယ်။ နောက်တစ်ခါ ဒီလိုပါပဲ ရှမ်းပြည်နယ်မှာ တိုင်းရင်းသားလူမျိုးစုတွေ တော်တော်များများ မှီတင်းနေထိုင်ပါတယ်။ ဒီမှာလည်း သီးခြားအနေနဲ့လည်း လူမျိုးစုတွေဖြစ်ကြပါတယ်။ ဥပမာအားဖြင့် ‘ဝ’ လူမျိုး အစရှိသဖြင့်၊ ပအိုဝ်းလူမျိုးစု အစရှိသဖြင့် ဒါတွေကိုလည်း ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်ပေးဖို့ လိုအပ်နေပါပြီ၊ အဲဒီအခါမှာ ဒီလူဦးရေနဲ့ အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်တဲ့ အချိန်ကာလဟာ အင်မတန်မှ ဒီ ကျွန်တော်တို့ မှားယွင်းမှုတွေရှိခဲ့ရင်လည်း ပြန်လည်ပြင်ဆင်ဖို့ အကောင်းဆုံးသောအချိန်ဖြစ်တယ်လို့ တင်ပြလိုပါတယ်။

အဲဒီတော့ အခု သန်းခေါင်စာရင်းကောက်ယူမယ့်အခါမှာ မျက်မြင်အတိုင်း ကောက်ယူမယ်လို့ သိရှိထားရပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေအနေနဲ့ မိမိတို့ရဲ့လူမျိုးကို ပင်ကိုဆန္ဒနဲ့ ဖော်ပြပေးမယ်လို့လည်း သိရှိရပါတယ်။ ဒါပေမဲ့ ဒါကလည်း တကယ်ထိရောက်စစ်မှန်တဲ့အချက် ဖြစ်ပါ့မလား။ Acid test တော့ မှတ်တမ်းတင်ထားသင့်ပါတယ်။ ပြီးရင် ဒီလို ဒီလူမျိုးနွယ်စုတွေကို ပြန်လည်သတ်မှတ်တဲ့အခါမှာ တကယ့် ကော်မရှင်ကြီးတစ်ရပ် ဖွဲ့စည်းပြီးတော့ တိုင်းရင်းသားခေါင်းဆောင်တွေ အပါအဝင် တကယ့်မျိုးနွယ်စုကနေ ပြီးတော့ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေ၊ သမိုင်းပညာရှင်တွေ အားလုံးပါဝင်ပြီးတော့မှ ပြန်ပြီးတော့ ဒီမျိုးနွယ်စု တွေရဲ့ အမည်ကွဲပြားနေမှုတွေကို ပြန်လည်တည့်မတ် ပြင်ဆင်ပေးမယ်ဆိုရင်တော့ ဒါ အကောင်းဆုံးသော လုပ်ဆောင်ချက်မျိုးဖြစ်မယ်လို့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ မေးလိုတဲ့မေးခွန်းကတော့ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးဆိုတဲ့ စာရင်းကို လက်တွေ့ ကောက်ယူရရှိတဲ့ စာရင်းဇယားတွေအပေါ်မှာ မူတည်ပြီးတော့ ပြန်လည်သုံးသပ်ပြုပြင်သွားဖို့ အစီအစဉ် ရှိ/မရှိဆိုတာကို မေးမြန်းလိုပါတယ်။ သုံးသပ်ပြုပြင်သွားတဲ့အချိန်မှာလည်း ခုနလို ဝန်ကြီးဌာနတစ်ခုတည်း ကပဲ ဆုံးဖြတ်တာမျိုးမဟုတ်ဘဲနဲ့ အားလုံးနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ပညာရှင်တွေ၊ မျိုးနွယ်စုခေါင်းဆောင်တွေ၊ သမိုင်းပညာရှင်တွေအားလုံးရဲ့ အကြံဉာဏ်ကိုရယူပြီးတော့မှ ဆောင်ရွက်သွားမယ့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါတယ်။ ဒီတိုင်းရင်းသားလူမျိုး (၁၃၅) မျိုးဆိုတဲ့ စာရင်းကို ပြန်လည်ပြုပြင်ပေးဖို့ အစီအစဉ် ရှိ/မရှိ ဆိုတာကို အဓိကသိချင်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးလေးစားစား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးရဲ့ ၂၀၁၄ ခုနှစ်မှာ ကောက်ယူမယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုပြီးစီးသည့်အခါမှာ အစဉ်အဆက်အတည်ပြုထားခဲ့တဲ့ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုး၏ စာရင်းကို ပြန်လည်ပြုပြင်သွားရန် အစီအစဉ် ရှိ/မရှိနဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြအကျဉ်းချုပ်မေးခွန်းအား မူလစာသားဖြင့် ဖော်ပြထားတဲ့ မေးခွန်းရှည်ကိုပါ ခြုံငုံပြီးတော့မှ အခြားသိသင့်တဲ့ အချက်အလက်အချို့ကို ပေါင်းစပ်ပြီးတော့မှ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဝင်းမြင့်က အပိုင်း (၃) ပိုင်း ခွဲခြားပြီးတော့မှ ပြန်လည်ရှင်းလင်း ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမပိုင်းအနေဖြင့် မေးခွန်းမှာ ပါရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကနေပြီးတော့မှ ယနေ့တိုင် အစဉ်အဆက် အတည်ပြုထားခဲ့တဲ့ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးရှိကြောင်း၊ အဆိုပါစာရင်းဟာ တိုင်းရင်းသားမျိုးနွယ်စုအရေအတွက် များပြားစွာဖော်ပြရေးကို ဦးတည်သကဲ့သို့ရှိပြီးတော့မှ လက်တွေ့မှာ ကွဲလွဲမှုများစွာရှိနေကြောင်းဆိုသော ဖော်ပြချက်နဲ့ ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားမျိုးနွယ်စုစာရင်းများ သတ်မှတ်ပြုစုရာမှာ ကျွန်တော်တို့ ၁၉၃၁ ခုနှစ်၊ ဗြိတိသျှကိုလိုနီလက်ထက်ကပင် သန်းခေါင်စာရင်းကောက်ယူရေး ဖော်ထုတ်တွေ့ရှိခဲ့တဲ့ လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ်မှာ ကောက်ယူရရှိခဲ့တဲ့ လူမျိုးစာရင်းအရလည်းကောင်း၊ ၁၉၆၁ ခုနှစ်မှာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပြုချက်များအရလည်းကောင်း၊ ၁၉၇၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ညှိနှိုင်းချက်အရလည်းကောင်း တိုင်းရင်းသားလူမျိုးစုစာရင်းအား အဆင့်ဆင့်စိစစ်ဆေးဖော်ပြခဲ့ကြောင်းလည်း လေ့လာတွေ့ရှိခဲ့ရကြောင်း ဖြေကြားလိုပါတယ်။

၁၉၇၃ ခုနှစ်မှာ ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာမှာလည်းပဲ တွေ့ရှိခဲ့အခြေခံခဲ့တာဖြစ်ပါတယ်။ အလားတူပဲ ၁၉၈၃ ခုနှစ်မှာလည်းပဲ ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရာမှာလည်းကောင်း၊ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးကို အခြေခံပြီးတော့မှ ဆောင်ရွက်ခဲ့ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ လက်ရှိအချိန်အထိလည်းပဲ ၎င်းတိုင်းရင်းသားလူမျိုးစု (၁၃၅) မျိုးအား တရားဝင်ပြင်ဆင်ပယ်ဖျက် ထပ်မံအတည်ပြုခြင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ဤစာရင်းကို မှန်ကန်သည်ဟု တရားသေစွဲကိုင်အတည်ပြု ဆောင်ရွက်နေခြင်းမဟုတ်ကြောင်းလည်း တင်ပြလိုပါတယ်။ လက်ရှိမြေပြင်အခြေအနေနှင့် အမှန်တကယ်မှန်ကန်ကိုက်ညီမှု ရှိ/မရှိကို ပြန်လည်စိစစ်နေရန်အတွက် လက်ရှိရှိပြီးသော ကိန်းဂဏန်းပေါ်မှာ အခြေခံပြီးတော့မှ ကနဦးအဆင့် ဆောင်ရွက်နေခြင်းပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ အသုံးပြုတဲ့ ပုံရိပ်ဖမ်းတဲ့စက်ဟာ ကျွန်တော်တို့ စာသားမဖတ်ဘဲနဲ့ ကိန်းဂဏန်းကိုပဲ ဖတ်ပြီးတော့မှ ပြန်လည်ဖော်ယူရမယ့်အတွက်ကြောင့်မို့လို့ လက်ရှိရှိပြီးသား ကျွန်တော်တို့ (၁၃၅) မျိုးကို အခြေခံပြီးတော့မှ (၁၃၅) မျိုးမှာ ပါတဲ့၊ မပါတဲ့ လူတွေအပြင်၊ ပါပြီးသားလည်း မရှိတဲ့လူတွေကို ကျွန်တော်တို့ကနေပြီးတော့မှ ပြန်လည်စိစစ်ဖော်ထုတ်သွားနိုင်ရန်အတွက်ကိုတော့ Code သတ်မှတ်ပြီးတော့မှ ဆောင်ရွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

အဲဒီ Code ကို ကျွန်တော်တို့က ဒီစက်နဲ့ဖတ်ပြီးတော့မှ ပြန်လည်ရိုက်ထည့်ခြင်းအားဖြင့် Code ရှိပြီးသား လူမျိုးစုကို အမြန်ဖော်ယူနိုင်ပြီးတော့မှ Code မထည့်ထားတဲ့ ကျွန်တော်တို့ လက်ရှိရှိပြီးသား သတ်မှတ်ထားတဲ့ မျိုးနွယ်စုထဲမှာမပါတဲ့ လူမျိုးစုကိုတော့ ကျွန်တော်တို့ လက်ပေါင်းဇယားနဲ့ ပြန်ပြီးတော့မှ တစ်မျိုးချင်းအလိုက်ကို ပြန်လည်စိစစ်ဖော်ထုတ်သွားမှာပဲ ဖြစ်ပါတယ်။ ရရှိပြီးတဲ့ ပြင်ဆင်အတည်ပြုနိုင်ရန် အတွက်ကို ရရှိပြီးဖြစ်တဲ့ အချက်အလက်တွေအပေါ် အခြေမခံဘူးဆိုလို့ရှိရင်တော့ အခြားအခြေခံရမယ့် တရားဝင်အတည်ပြုထားသော အချက်အလက်များလည်း မရှိတဲ့အတွက်ကြောင့်မို့လို့ ဤကဲ့သို့ ဆောင်ရွက် ရခြင်းဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

သန်းခေါင်စာရင်းကောက်ယူပြီးစီးတဲ့အခါမှာ ကောက်ယူရရှိတဲ့အပေါ် မှာ မူတည်ပြီးတော့မှ လက်ရှိ အခြေအနေမှာ လျော့နည်း၊ ကွယ်ပျောက်၊ တိုးပွားလာသည့် လူမျိုးစုများ ရှိ/မရှိ၊ အမည်သတ်မှတ်ချက် သတ်ပုံ၊ သတ်ညွှန်းမှုအစ မှန်ကန်ကိုက်ညီမှု ရှိ/မရှိ စသည်တို့ကို ကျွန်တော်တို့ ပါဝင်ပတ်သက်သူများ အားလုံး State Holder များ အားလုံးကနေပြီးတော့မှ ပြန်လည်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လည်း ဖြေရှင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယပိုင်းအနေဖြင့် မေးခွန်းမှာ ပါရှိသည့်အတိုင်း ချင်းလူမျိုးစု (၅၃) စုနေရာမှာ ချင်းလူမျိုးဟုသာ တစ်မျိုးတည်းသတ်မှတ်ပေးရန် တောင်းဆိုမှုများ၊ တိုင်းလိုင်နှင့် ရှမ်းနီဟု အဓိပ္ပာယ်တူ အခေါ်အဝေါ် ကွဲလွဲမှု များကို တစ်မျိုးတည်းသတ်မှတ်ပေးရန် တောင်းဆိုမှုများနဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ရှင်းလင်းတင်ပြ လိုပါတယ်။

၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်ဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် တရားဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့မှ ပြောင်းလဲလာ သော ခေတ်စနစ်များနဲ့အညီ နိုင်ငံတကာစံနှုန်းများနှင့် လူ့အခွင့်အရေးဆိုသည့် အချက် (၂) ချက်အပေါ်မှာ အလေးထားအခြေခံ၍ နိုင်ငံ့လူဦးရေနှင့် ဖွဲ့စည်းမှုကို ပုံဖော်သွားနိုင်စေရန်လည်း စီမံထားရှိပါကြောင်း တင်ပြလိုပါတယ်။ ဆိုလိုသည်မှာ မိမိနိုင်ငံ အခြေအနေနှင့်ကိုက်ညီသည့် နိုင်ငံတကာစံချိန်စံညွှန်းပုံစံများ အတိုင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ လူတစ်ဦးချင်းစီ ပင်ကိုဆန္ဒအရ လွတ်လပ်စွာပြောဆိုခွင့်ရှိသည့် လူ့အခွင့်အရေးအပေါ်မှာ အခြေခံ၍ မေးခွန်းများအား မိမိဆန္ဒအတိုင်းဖော်ပြချက်ကို ရေးသွင်းရသည်ဟု တင်ပြခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့လူမျိုးအမည် ဖြေတဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ လက်ရှိသတ်မှတ် ထားတဲ့ (၁၃၅) မျိုး Code ကို ထားပြီးတော့မှ အဲဒီလူမျိုးထဲမပါတဲ့ အခြားလူမျိုးများ၊ အခြားဆိုသည်မှာ ကျွန်တော်တို့ နိုင်ငံခြားသားကို တင်ပြခြင်းမဟုတ်ပါဘူး။ ဒီလူမျိုးထဲမှာမပါတဲ့ လူမျိုးများရှိရင်လည်း ကျွန်တော် တို့က မေးခွန်းမှာပဲ Code အပြင် အမည်ပါ ဖော်ပြရေးသားထားဖို့အတွက်ကို မေးခွန်းမှာလည်း နေရာ၊ ကွက်လပ်ချန်ထားပြီးသားဖြစ်ပါတယ်။ ဤသန်းခေါင်စာရင်းဟာ နိုင်ငံ့လူဦးရေစုစုပေါင်းအား ဖော်ထုတ်နိုင်ရန် သာမကဘဲနဲ့ လူဦးရေပေါင်းစပ်ဖွဲ့စည်းမှုဟု ခေါ်ဆိုနိုင်သော အမျိုးမတူ ကွဲပြားခြားနားသည့် လူမျိုးစုနွယ် အရေအတွက်ကိုပါ သိရှိနိုင်မည်ဖြစ်၍ မတူကွဲပြားခြားနားသည့် လိုအပ်ချက်များအပေါ်မှာ အလေးထား ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

မေးခွန်းမှာပါရှိသည့်အတိုင်း လူမျိုးစုတစ်ခုလုံးအား အမည်တစ်မျိုးတည်းနှင့် စုပေါင်းဖော်ပြလိုသည် ဖြစ်စေ၊ ၎င်းလူမျိုးစုမှာ ပါဝင်တဲ့ လူမျိုးစုနွယ်များက ၎င်းတို့ရဲ့ လူမျိုးစုနွယ်အရေအတွက်ကို သီးခြားစီ သိရှိဖော်ပြလိုသည်ဖြစ်စေ၊ လူတစ်ဦးချင်းစီ၏ ပင်ကိုဆန္ဒအတိုင်း လွတ်လပ်စွာပြောဆိုသည့်အတိုင်း ရေးသွင်း ပေးသွားမှာဖြစ်ပါတယ်။ စာရင်းကောက်သူများဘက်ကမှလည်းပဲ မည်သည့်ချုပ်ချယ်၊ စစ်ဆေး၊ ကန့်သတ်ချက်မျိုး မရှိကြောင်းလည်း တင်ပြလိုပါတယ်။ တိုင်းရင်းသားပြည်သူ၏ ပင်ကိုဆန္ဒအတိုင်းသာ အပြည့်အဝလိုက်လျော ပေးမှာဖြစ်ပါတယ်။ လိုလားချက်များဟာ သက်ဆိုင်ရာတိုင်းရင်းသားမျိုးနွယ်စုဝင်အားလုံး၏ တူညီသည့် ဆန္ဒမျိုးသာ ဖြစ်သင့်ပါတယ်။ လူမျိုးတစ်မျိုးတည်းအဖြစ်သာ ရေးသားလိုခြင်း၊ လူမျိုးစုငယ်များ၏ဆန္ဒအတိုင်း

သီးခြားစီရေးသားပေးပို့လိုခြင်းတို့အား သက်ဆိုင်ရာလူမျိုးစုအတွင်း အားလုံးလက်ခံလာအောင် ညှိနှိုင်းသွားမည့်ကိစ္စများသာဖြစ်ကြောင်းလည်း ရှင်းလင်းဖြေကြားလိုပါတယ်။ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ကျွန်တော်တို့အနေနဲ့ စာရင်းကောက်များဘက်မှ တစ်ဦးချင်းစီ၏ဆန္ဒအတိုင်း လိုက်လျောပေးသွားမှာပဲဖြစ်ကြောင်းလည်း ရှင်းလင်းဖြေကြားလိုပါတယ်။ ယခုအခါမှာ တချို့ လူမျိုးစုများဟာ ဤအချက်ကို သဘောပေါက်လက်ခံလာကြသည်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သန်းခေါင်စာရင်းကောက်ယူရာမှာ မိမိတို့လူမျိုးစုအားလုံး စာရင်းဝင်စေရေးအတွက် လူမျိုးစုအတွင်း ကွင်းဆင်းစစ်ဆေးစည်းရုံးမှုများ ပြုလုပ်နေသည်ကိုလည်း သတင်းများ၊ မီဒီယာကွန်ရက်များမှာ အများအပြားတွေ့မြင်နေကြရပြီလည်း ဖြစ်ပါတယ်။

လက်ရှိကောက်ယူမည့်ပုံစံအရ လူမျိုးစုတစ်ခုလုံး၏ အရေအတွက်အား သိရှိနိုင်သကဲ့သို့ ၎င်းလူမျိုးစုတစ်ခုအတွင်းမှာရှိတဲ့ လူမျိုးစုငယ်တစ်ဦးချင်း၏ အရေအတွက်ကိုလည်း သိရှိခွင့်ရမှာဖြစ်ပါတယ်။ လူမျိုးစုငယ်တစ်စုချင်းကို စုစုပေါင်းရေတွက်ပါကလည်း ပင်မလူမျိုးစုတစ်စုလုံး၏ အရေအတွက်ကို ပြန်လည်ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဖွဲ့အစည်းတစ်ခု၊ လူအုပ်စုတစ်ခု၏ ထုတ်ပြန်ကြေညာချက်၊ ပြောဆိုချက်များဟာ သက်ဆိုင်ရာလူမျိုးစုတစ်စုလုံး၏ တူညီဆန္ဒနှင့် ကိုယ်စားပြု/မပြုဆိုသည့်အချက်ကိုလည်း အရေးကြီးပါကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ဒီမှာ ကျွန်တော်တို့ ခုန ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကျွန်တော်တို့ သန်းခေါင်စာရင်းကောက်ပြီးရင်တော့ လူမျိုးစုကြီး၊ လူမျိုးစုငယ်နဲ့ပတ်သက်ပြီးတော့မှ ကော်မရှင်ဖွဲ့ပြီးတော့မှ ပြန်လည်သတ်မှတ်သင့်ကြောင်း ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဒီကိစ္စဟာ ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုကပဲ ဆောင်ရွက်သွားမယ့်ကိစ္စမဟုတ်ပါဘူး။ ကျွန်တော်တို့ ဆောင်ရွက်ပြီးတဲ့အချိန်မှာတော့ သန်းခေါင်စာရင်းကောက်ပြီးတဲ့အချိန်မှာ ကျွန်တော်တို့ ရရှိလာမယ့် မျိုးနွယ်စု သို့မဟုတ် မျိုးနွယ်စု လူမျိုးအရေအတွက်နဲ့ပတ်သက်ပြီးတော့မှ လူမျိုးရဲ့အမည်များနဲ့ ပတ်သက်ပြီးတော့မှ ဒါတွေကို ကျွန်တော်ကနေပြီးတော့မှ ပါဝင်ပတ်သက်သူများအားလုံးကို ဒါကနေပြီးတော့မှ ဝိုင်းဝန်းစဉ်းစားဆုံးဖြတ်ပြီးတော့မှပဲ သတ်မှတ်သွားမယ့် အခြေအနေများကိုပဲ ကျွန်တော်တို့က အတည်ပြုသွားမှာဖြစ်ကြောင်းလည်း ရှင်းလင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယပိုင်းအနေဖြင့် အထက်မှာတင်ပြခဲ့သည့်အတိုင်း လက်ရှိအတည်ပြုထားတဲ့ တိုင်းရင်းသားလူမျိုး (၁၃၅) ဟာ နှစ်ပေါင်းများစွာ ပြန်လည်စိစစ်ခြင်းမပြုနိုင်တဲ့အတွက်ကြောင့်မို့လို့ ကာယကံရှင်တစ်ဦးချင်းက မိမိဆန္ဒအတိုင်း မိမိခံယူလိုသည့်အတိုင်း ပြောကြားခွင့်ရှိနေသည်ဖြစ်၍ မည်သည့်လူမျိုးစုဟာ မြေပြင်မှာ အမှန်တကယ်ရှိနေသည်။ မည်သည့်လူမျိုးစုများဟာ ပျောက်ကွယ်သွားသည်။ မည်သည့်လူမျိုးစုအသစ်များ ထပ်မံတွေ့ရှိသည် စသည်တို့အား သိရှိနိုင်မှာဖြစ်ပါတယ်။ ၎င်းအပေါ်မှာ မူတည်ပြီးတော့မှ ပြန်လည်ပြင်ဆင်အတည်ပြုရန် တွေ့ရှိပါကလည်း စာရင်းကောက်ပြီးချိန်မှာတော့ ဒုတိယအဆင့် ကျွန်တော် ခုနတင်ပြတဲ့ ပါဝင်ပတ်သက်သော အဖွဲ့အစည်းများကနေပြီးတော့မှ စုံညီစွာပေါင်းစပ်ပြီးတော့မှ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်သာဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

အချုပ်အားဖြင့် မကြာမီဆောင်ရွက်မယ့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ဟာ အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်ပြီးတော့မှ ကောက်ယူခြင်းခံရသည့် ပြည်သူများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းသာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပူးပေါင်းဆောင်ရွက်ကြရေးသည်သာ လွန်စွာအရေးကြီးပါကြောင်း ထပ်လောင်းရှင်းလင်းတင်ပြလိုပါတယ်။ ဤလုပ်ငန်းစဉ်ဟာ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော အားလုံးပါဝင်ခွင့်ရှိတဲ့ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီးတော့မှ ဤတစ်ချိန်ပါဝင်ခွင့်မရှိပါက နောင် အနည်းဆုံး (၁၀) နှစ်ကြာအထိ ဤအခွင့်အရေးမျိုး ထပ်မံရရှိနိုင်ရန် စောင့်ဆိုင်းရဦးမည်ဖြစ်ပါတယ်။ တာဝန်ရှိအဖွဲ့အစည်းများမှ တိုင်း/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအဆင့်အထိ လူထုအသိပညာပေးလုပ်ငန်းများအား (၂) နှစ်နီးပါးခန့် အချိန်ယူကွင်းဆင်းပြောကြားခဲ့ပြီးဖြစ်သလို လွန်ခဲ့တဲ့ (၁) နှစ်တာကာလ ၂၀၁၃ ခုနှစ်မှာလည်းပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာရှိတဲ့ မြို့နယ် (၂၀) မှာ အမှန်တကယ်ဆောင်ရွက်မည့်

ပုံစံအတိုင်း စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ကောက်ယူခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ဆောင်ရွက်မှုများမှာလည်းပဲ လုံလောက်သော အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြချင်တာကတော့ အခု လူမျိုးနဲ့ပတ်သက်ပြီး ပြဿနာဖြစ်တဲ့နေရာမှာ၊ အခက်အခဲဖြစ်နေတဲ့နေရာမှာ ကျွန်တော်တို့ Code ကိစ္စလေးနဲ့ပတ်သက်ပြီးတော့မှ နည်းနည်းလေးချဲ့ပြီးတော့မှ တင်ပြလိုပါတယ်။

ကျွန်တော်တို့ Code က ပထမအကြိမ်က တင်ပြထားသလိုပါပဲ၊ မြန်မြန်လေးကွန်ပျူတာကနေ ဖတ်လို့ရအောင်၊ ပုံရိပ်ဖမ်းစက်က ဖတ်လို့ရအောင် ကျွန်တော်တို့ Code သတ်မှတ်ခြင်းဖြစ်ပါတယ်။ ဒီ Code က ကျွန်တော်တို့ ကွန်ပျူတာသုံးနဲ့ လူများနဲ့သတ်မှတ်ထားတဲ့အဆင့်ပဲ ဖြစ်ပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကာယကံရှင်က မိမိတို့ရဲ့လူမျိုးအမှန်ကို ဖြေကြားနိုင်ဖို့အတွက်ကို ကျွန်တော်တို့မေးခွန်းမှာလည်းပဲ ကွက်လပ်တော်တော်ကျယ်ကျယ်လေး ထားခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီနေရာမှာ ဝိဝါဒကွဲခြင်း၊ တခြားအခက်အခဲများရှိခြင်းမရှိဘဲနဲ့ မိမိလူမျိုးအမှန်ကိုပဲ ဖြေကြားပေးပါလို့လည်း ထပ်ပြီးတော့မှ တင်ပြလိုပါတယ်။ ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်မှုများကလည်းပဲ လုံလောက်တဲ့ အတိုင်းအတာအထိ ဆောင်ရွက်ခဲ့ပြီးသားဖြစ်ပါတယ်။

နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ဝင်များမှလည်း စမ်းသပ်ခဲ့တဲ့နယ်မြေများမှာ သွားရောက်ပြီးတော့မှ လေ့လာအတည်ပြုခဲ့ပြီးသားလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့၊ ဒီအချိန်ကာလဟာ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အလွန်နီးကပ်နေပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းရင်းသားလုပ်သားပြည်သူအားလုံးကနေပြီးတော့မှ မိမိရဲ့အကျိုး၊ မိမိ မိသားစုအကျိုး၊ နောင်မျိုးဆက်များ၏အကျိုးနဲ့ နိုင်ငံတော်အကျိုးငှာ စီမံချက်အောင်မြင်ရေး အပြည့်အဝပူးပေါင်းပါဝင်ကြပါရန်နှင့် ဤအစီအမံ နှောင့်နှေး/ကြန့်ကြာ/ရပ်တန့်မှုများ မရှိသင့်သည့်လုပ်ငန်းစဉ်တစ်ခုဖြစ်၍ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါရန် ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူမှုနဲ့ပတ်သက်တဲ့ မေးခွန်းနဲ့အဖြေဟာ အများပြည်သူ စိတ်ဝင်စားတဲ့ မေးခွန်းနဲ့အဖြေဖြစ်တဲ့အတွက် နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံပြန်တမ်းမှာ ထည့်သွင်းဖို့အတွက် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

# ချင်းပြည်နယ်
# ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၉။ )

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ချင်းပြည်နယ်ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကို ဆိုသည်။

(င) **ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့**ဆိုသည်မှာ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၉ အရ အစိုးရအဖွဲ့က ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

(စ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ချင်းပြည်နယ် ပုဂ္ဂလိကပိုင် ရေယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကိုဆိုသည်။

(ဆ) **ကော်မတီရုံး**ဆိုသည်မှာ ကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ထားသည့် ရုံးကို ဆိုသည်။

(ဇ) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **ဝန်ထမ်း**ဆိုသည်မှာ ကော်မတီက ခန့်အပ်ထားသူများကို ဆိုသည်။

(ည) **ရေယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့်သော်လည်းကောင်း ရေပြင်တွင် မောင်းနှင်သွားလာနိုင်သည့် ယာဉ်ကို ဆိုသည်။

(ဋ) **ရေယာဉ်လိုင်း** ဆိုသည်မှာ ချင်းပြည်နယ်အတွင်း ဝင်ထွက်သွားလာပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် ပုဂ္ဂလိက ရေယာဉ်များနှင့် ဖွဲ့စည်းထားသော ရေယာဉ်လိုင်းကို ဆိုသည်။

(ဌ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကရေယာဉ်၏ ပိုင်ရှင်ကို ဆိုသည်။

(ဍ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင် ရေယာဉ်၏ ရေယာဉ်မှူးနှင့် ရေယာဉ်ဝန်ထမ်းများကို ဆိုလိုသည်။

## အခန်း (၂)
## ကော်မတီဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ရေယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ကော်မတီဝင် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ပါဝင်ဖွဲ့စည်းရမည်။

(ဂ) ကော်မတီဝင်များက ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်သတ်မှတ်ပေးရမည်။

(ဃ) ကော်မတီသည် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။

## အခန်း (၃)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်သည့် ရေယာဉ်များကို မိမိ၏ စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက်လာနိုင်စေရေး စည်းရုံးဆောင်ရွက်ရမည့်အပြင် ရေယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးရမည်။

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ အသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်း၊ ရေယာဉ်အင်အား ပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစား ပြောင်းလဲခြင်းတို့ကို ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြ၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

(ဂ) ရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ကမ်းလမ်းများ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြ၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

(ဃ) မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်ကို လက်ရှိရေယာဉ်လိုင်းမှ အခြားရေယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့သို့ တင်ပြ၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

(င) ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် တစ်လလျှင် အနည်းဆုံး တစ်ကြိမ်တွေ့ဆုံဆွေးနွေးရမည်။

(စ) မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်ရမည်။

(ဆ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဇ) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံး တစ်ကြိမ်ကျင်းပရမည်။

(ဈ) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပရမည်။

(ည) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ဋ) အရေးပေါ် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့် သတင်းထုတ်ပြန်ခြင်း၊ ခရီးစဉ် ပြောင်းလဲခြင်းများကို ကြေညာရမည်။

(ဌ) ဆိပ်ကမ်းများတွင် ရေယာဉ်များ အဝင်အထွက်စနစ်တကျ ဖြစ်စေရေး စီမံကွပ်ကဲရမည်။

(ဍ) ရေကြောင်းပိတ်ဆို့မှုနှင့် ရေယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် ငါးဖမ်းပိုက်များ ချထားမှုကို လိုအပ်သလို ညွှန်ကြားချက် ထုတ်ပြန်ရမည်။

## အခန်း (၄)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများ ကြီးကြပ်ခြင်း။

(ခ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား ညှိနှိုင်းပေးခြင်း။

(ဂ) လိုအပ်ပါက အဖွဲ့မှ ဝန်ကြီးဌာနသို့ တင်ပြ၍ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနများ၊ ရေယာဉ်လိုင်းများနှင့် ဆိပ်ကမ်းများ လိုက်နာရန် စည်းကမ်းများ သတ်မှတ်ပေးခြင်း။

(င) ဝန်ထမ်းများခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စများအပေါ် စီမံခန့်ခွဲခြင်း။

(စ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)
## ဘဏ္ဍာရေး

၆။ ကော်မတီသည်-

(က) နည်းဥပဒေများ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရှာဖွေရရှိသော မိမိ၏ရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်။

(ခ) မိမိ၏ရန်ပုံငွေကို ငွေစာရင်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏လုပ်ငန်းများကို သုံးစွဲရမည်။

(ဂ) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ငွေစာရင်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ကော်မတီ၏ လုပ်ငန်းများတွင် သုံးစွဲနိုင်သည်။

(ဃ) မိမိ၏ရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၇။ ကော်မတီသည်-

(က) ရုံးအကြီးအကဲက ရေးဆွဲတင်ပြသော နှစ်စဉ်ရသုံးမှန်းခြေ ငွေစာရင်းကို စိစစ်ပြီး ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

(ခ) မိမိ၏ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူရမည်။

(ဂ) လစဉ် ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း (၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၈။ ကော်မတီသည်-

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ တင်ပြ၍ အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

(ခ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ် ရရှိသော ဝင်ငွေ၏ (၃၀) ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ။

(ဃ) ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲ အား လိုအပ်သလို လွှဲအပ်နိုင်သည်။

## အခန်း (၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၉။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေး ခြင်းပြုလုပ်နိုင်ရန်အလို့ငှာ ငွေစာရင်း လုပ်ထုံးလုပ်နည်းများ ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်နယ်စာရင်း စစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၁၀။ ရုံးအကြီးအကဲသည်-

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေး စည်းမျဉ်းများနှင့် အညီ စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်။

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထားသည့် စာရင်းများနှင့်စပ်လျဉ်း၍ ပြည်နယ်စာရင်းစစ်ချုပ်ရုံးက တာဝန် ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁။ ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၂။ အစိုးရအဖွဲ့သည် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့၏ စိစစ်တင်ပြချက် ဖြင့် လုပ်ငန်းလိုင်စင်၊ ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီ ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရား ဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရားဆောင်ရွက်ရန် အားထုတ် နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တားနှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်စည်းမျဉ်း၊ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ ပုဒ်မ ၁၁ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ် ကျပ်ငါးထောင်မှ အများဆုံး ငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

## အခန်း (၁၀)

## အထွေထွေ

၁၆။ ကော်မတီ၏ သက်တမ်းမှာ နှစ် နှစ်ဖြစ်သည်။

၁၇။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၁၈။ ဤဥပဒေသည် ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ ၁၉၆၄ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းများ၊ ဥပဒေပြဋ္ဌာန်းချက်တို့နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၁၉။ ဤဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သူအား ပုဒ်မ ၁၁ ပါ ကော်မတီက ချမှတ်သော ပြစ်မှုများမှအပ ပုဒ်မ ၁၃၊ ၁၄ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသည့် ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၀။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်နိုင်သည်။

၂၁။ ကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၂။ ပုဒ်မ ၁၁ အရ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်ပါက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ အယူခံဝင်နိုင်သည်။ ဝန်ကြီးဌာနမှ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၂၃။ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဟုန်းငိုင်း၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်<br>( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

၁။ ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သီသီနွယ်အား လစ်လပ်လျက်ရှိသော စီမံရေးဌာနကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

၂။ ဒေါ်သီသီနွယ်အား စီမံရေးဌာနကြီး ဒုတိယညွှန်ကြားရေးမှူးချုပ် လုပ်ငန်းတာဝန်များအပြင် နိုင်ငံတကာဆက်ဆံရေး၊ သုတေသနနှင့် စာကြည့်တိုက်ဌာနကြီး၏ နိုင်ငံတကာဆက်ဆံရေးဌာနလုပ်ငန်းတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၄)

၁။ ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ပါ ဒုတိယညွှန်ကြားရေးမှူးများအား ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (က) | ဦးဘုန်းကြည်အောင် | အစည်းအဝေးဌာနကြီး၊ အစည်းအဝေးဌာန |
| (ခ) | ဦးကျော်ဇေယျ | အစည်းအဝေးဌာနကြီး၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဌာန |

၂။ ဦးဘုန်းကြည်အောင်အား အစည်းအဝေးဌာနကြီး၊ အစည်းအဝေးဌာန ညွှန်ကြားရေးမှူး လုပ်ငန်းတာဝန်များအပြင် မှတ်တမ်းဌာန၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ ဦးကျော်ဇေယျအား အစည်းအဝေးဌာနကြီး၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဌာန ညွှန်ကြားရေးမှူး လုပ်ငန်းတာဝန်များအပြင် ငွေစာရင်းပူးပေါင်းကော်မတီဌာန၏ လုပ်ငန်းတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

[ ယခင်အပတ်မှအဆက် ]

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် )

အမှတ် ၁၄၅/၂၀၁၃ ။ ။ တပ်မတော်နည်းပညာတက္ကသိုလ်၊ အမှတ်စဉ် (၁၆) ဗိုလ်လောင်း သင်တန်းမှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၄၄၁) | မျိုးမြင့်ကျော် | ကြည်း | ၆၆၄၄၂ |
| (၄၄၂) | ဇင်မင်းဖြိုး | ကြည်း | ၆၆၄၄၃ |
| (၄၄၃) | သွင်ဦးလှိုင် | ကြည်း | ၆၆၄၄၄ |
| (၄၄၄) | ဇင်ကိုလတ် | ကြည်း | ၆၆၄၄၅ |
| (၄၄၅) | ငြိမ်းချမ်းသိန်း | ကြည်း | ၆၆၄၄၆ |
| (၄၄၆) | သက်ပိုင် | ကြည်း | ၆၆၄၄၇ |
| (၄၄၇) | ပြည့်ဖြိုးဇင် | ကြည်း | ၆၆၄၄၈ |
| (၄၄၈) | သိန်းထိုက်အောင် | ကြည်း | ၆၆၄၄၉ |
| (၄၄၉) | အောင်သီဟ | ကြည်း | ၆၆၄၅၀ |
| (၄၅၀) | ဟိန်းထက်ဦး | ကြည်း | ၆၆၄၅၁ |
| (၄၅၁) | ဝေမင်းထွန်း | ကြည်း | ၆၆၄၅၂ |
| (၄၅၂) | ကျော်ရဲအောင် | ကြည်း | ၆၆၄၅၃ |
| (၄၅၃) | ဝေယံစိုး | ကြည်း | ၆၆၄၅၄ |
| (၄၅၄) | ဇော်ရဲထိုက် | ကြည်း | ၆၆၄၅၅ |
| (၄၅၅) | ဖြိုးသူရထွန်း | ကြည်း | ၆၆၄၅၆ |
| (၄၅၆) | သက်ပိုင်စိုးဝင်း | ကြည်း | ၆၆၄၅၇ |
| (၄၅၇) | အောင်ရဲကျော် | ကြည်း | ၆၆၄၅၈ |
| (၄၅၈) | တင်အောင်ဝင်း | ကြည်း | ၆၆၄၅၉ |
| (၄၅၉) | စိုးထက်ကို | ကြည်း | ၆၆၄၆၀ |
| (၄၆၀) | ရဲထွဋ်နောင် | ကြည်း | ၆၆၄၆၁ |
| (၄၆၁) | ဝေဖြိုးသူ | ကြည်း | ၆၆၄၆၂ |
| (၄၆၂) | ဝေလျှံဖြိုး | ကြည်း | ၆၆၄၆၃ |
| (၄၆၃) | သော်ဇင်မောင်မောင် | ကြည်း | ၆၆၄၆၄ |
| (၄၆၄) | ထက်အောင်ကျော် | ကြည်း | ၆၆၄၆၅ |
| (၄၆၅) | သန့်ဇင်အောင် | ကြည်း | ၆၆၄၆၆ |
| (၄၆၆) | အေးမင်းဦး | ကြည်း | ၆၆၄၆၇ |
| (၄၆၇) | ကျော်မင်းထက် | ကြည်း | ၆၆၄၆၈ |
| (၄၆၈) | နေလင်းအောင် | ကြည်း | ၆၆၄၆၉ |
| (၄၆၉) | ဇင်ဇော်ဦး | ကြည်း | ၆၆၄၇၀ |
| (၄၇၀) | ကျော်သူထွန်း | ကြည်း | ၆၆၄၇၁ |
| (၄၇၁) | သုတအောင် | ကြည်း | ၆၆၄၇၂ |

| | | | |
|---|---|---|---|
| (၄၇၂) | ဇွဲထွဋ်ကျော် | ကြည်း | ၆၆၄၇၃ |
| (၄၇၃) | ဇော်မင်းထက် | ကြည်း | ၆၆၄၇၄ |
| (၄၇၄) | မိုးကျော်ကျော် | ကြည်း | ၆၆၄၇၅ |
| (၄၇၅) | ညီညီထွဋ် | ကြည်း | ၆၆၄၇၆ |
| (၄၇၆) | နိုင်လင်းထက် | ကြည်း | ၆၆၄၇၇ |
| (၄၇၇) | သိန်းသန်းထွန်း | ကြည်း | ၆၆၄၇၈ |
| (၄၇၈) | စိုးမင်းထွန်း | ကြည်း | ၆၆၄၇၉ |
| (၄၇၉) | အောင်သူဟိန်း | ကြည်း | ၆၆၄၈၀ |
| (၄၈၀) | ပိုင်ထက် | ကြည်း | ၆၆၄၈၁ |
| (၄၈၁) | ရန်လင်းအောင် | ကြည်း | ၆၆၄၈၂ |
| (၄၈၂) | ဌေးမင်းဦး | ကြည်း | ၆၆၄၈၃ |
| (၄၈၃) | ဝေလင်း | ကြည်း | ၆၆၄၈၄ |
| (၄၈၄) | ပြေစိုးဦး | ကြည်း | ၆၆၄၈၅ |
| (၄၈၅) | ဖြိုးဝေဦး | ကြည်း | ၆၆၄၈၆ |
| (၄၈၆) | ကိုကိုလွင် | ကြည်း | ၆၆၄၈၇ |
| (၄၈၇) | ထက်စိုးသူ | ကြည်း | ၆၆၄၈၈ |
| (၄၈၈) | ဟိန်းထက်အောင် | ကြည်း | ၆၆၄၈၉ |
| (၄၈၉) | သန်းထူးအောင် | ကြည်း | ၆၆၄၉၀ |
| (၄၉၀) | စိုးမြတ်ထွဋ် | ကြည်း | ၆၆၄၉၁ |
| (၄၉၁) | ဇေယျာသော် | ကြည်း | ၆၆၄၉၂ |
| (၄၉၂) | ကောင်းမြတ်ပိုင် | ကြည်း | ၆၆၄၉၃ |
| (၄၉၃) | အောင်သက်ဦး | ကြည်း | ၆၆၄၉၄ |
| (၄၉၄) | ချမ်းညိမ်းဦး | ကြည်း | ၆၆၄၉၅ |
| (၄၉၅) | စိုးဝေဦး | ကြည်း | ၆၆၄၉၆ |
| (၄၉၆) | မြတ်မင်းသူ | ကြည်း | ၆၆၄၉၇ |
| (၄၉၇) | ရဲရင့်ထွန်း | ကြည်း | ၆၆၄၉၈ |
| (၄၉၈) | ဝင်းဖြိုးအောင် | ကြည်း | ၆၆၄၉၉ |
| (၄၉၉) | ဇင်မင်းခန့် | ကြည်း | ၆၆၅၀၀ |
| (၅၀၀) | ဇေယျာလင်း | ကြည်း | ၆၆၅၀၁ |
| (၅၀၁) | သန့်ဇင်ကိုဦး | ကြည်း | ၆၆၅၀၂ |
| (၅၀၂) | ရဲသွေးအောင် | ကြည်း | ၆၆၅၀၃ |
| (၅၀၃) | စိုးနိုင်ထွန်း | ကြည်း | ၆၆၅၀၄ |
| (၅၀၄) | ချမ်းငြိမ်းအောင် | ကြည်း | ၆၆၅၀၅ |
| (၅၀၅) | မြတ်သူဝင်း | ကြည်း | ၆၆၅၀၆ |
| (၅၀၆) | ခန့်မင်းလှိုင် | ကြည်း | ၆၆၅၀၇ |
| (၅၀၇) | နိုင်လင်းဦး | ကြည်း | ၆၆၅၀၈ |
| (၅၀၈) | မြတ်မင်းဟန် | ကြည်း | ၆၆၅၀၉ |
| (၅၀၉) | ဝေလျှံဖြိုး | ကြည်း | ၆၆၅၁၀ |
| (၅၁၀) | သော်ဇင်ထက် | ကြည်း | ၆၆၅၁၁ |
| (၅၁၁) | ကျော်ကျော်မိုး | ကြည်း | ၆၆၅၁၂ |
| (၅၁၂) | ဝေထက်အောင် | ကြည်း | ၆၆၅၁၃ |
| (၅၁၃) | စိုးထက်အောင် | ကြည်း | ၆၆၅၁၄ |
| (၅၁၄) | ပြည့်ဖြိုးအောင် | ကြည်း | ၆၆၅၁၅ |
| (၅၁၅) | ရဲသူအောင် | ကြည်း | ၆၆၅၁၆ |

| | | | |
|---|---|---|---|
| (၅၁၆) | စိုးမင်းနိုင် | ကြည်း | ၆၆၅၁၇ |
| (၅၁၇) | ဇော်ဝင်းမောင် | ကြည်း | ၆၆၅၁၈ |
| (၅၁၈) | အောင်ကိုကိုထွန်း | ကြည်း | ၆၆၅၁၉ |
| (၅၁၉) | သက်ဦးမောင် | ကြည်း | ၆၆၅၂၀ |
| (၅၂၀) | မျိုးသက်နိုင် | ကြည်း | ၆၆၅၂၁ |
| (၅၂၁) | ရန်ပိုင်ဟိန်း | ကြည်း | ၆၆၅၂၂ |
| (၅၂၂) | ဆန်းလင်း | ကြည်း | ၆၆၅၂၃ |
| (၅၂၃) | ဟိန်းအာကာဇော် | ကြည်း | ၆၆၅၂၄ |
| (၅၂၄) | ရဲဝေယံ | ကြည်း | ၆၆၅၂၅ |
| (၅၂၅) | ဟန်ဆက်နောင် | ကြည်း | ၆၆၅၂၆ |
| (၅၂၆) | ကျော်စိုးနိုင် | ကြည်း | ၆၆၅၂၇ |
| (၅၂၇) | ပြည့်စုံအောင် | ကြည်း | ၆၆၅၂၈ |
| (၅၂၈) | မင်းသူကျော် | ကြည်း | ၆၆၅၂၉ |
| (၅၂၉) | ပြည့်ဖြိုးအောင် | ကြည်း | ၆၆၅၃၀ |
| (၅၃၀) | ပြည့်ဇေဦး | ကြည်း | ၆၆၅၃၁ |
| (၅၃၁) | ကောင်းထက်အောင် | ကြည်း | ၆၆၅၃၂ |
| (၅၃၂) | ဉာဏ်မျိုးကျော် | ကြည်း | ၆၆၅၃၃ |
| (၅၃၃) | အောင်ကျော်ဟိန်း | ကြည်း | ၆၆၅၃၄ |
| (၅၃၄) | သော်ဇင်ဦး | ကြည်း | ၆၆၅၃၅ |
| (၅၃၅) | ထက်အောင် | ကြည်း | ၆၆၅၃၆ |
| (၅၃၆) | ထူးမြတ်နိုင် | ကြည်း | ၆၆၅၃၇ |
| (၅၃၇) | အောင်သီဟထွန်း | ကြည်း | ၆၆၅၃၈ |
| (၅၃၈) | ဆက်မင်းပိုင် | ကြည်း | ၆၆၅၃၉ |
| (၅၃၉) | ဝေဖြိုးအောင် | ကြည်း | ၆၆၅၄၀ |
| (၅၄၀) | အေးချမ်းဖြိုး | ကြည်း | ၆၆၅၄၁ |
| (၅၄၁) | ကျော်သက်ဝင်း | ကြည်း | ၆၆၅၄၂ |
| (၅၄၂) | တေဇာပြည့် | ကြည်း | ၆၆၅၄၃ |
| (၅၄၃) | ထက်မြက်အောင် | ကြည်း | ၆၆၅၄၄ |
| (၅၄၄) | ဇော်ထက်အောင် | ကြည်း | ၆၆၅၄၅ |
| (၅၄၅) | ဟိန်းသက်ဝေဦး | ကြည်း | ၆၆၅၄၆ |
| (၅၄၆) | ခိုင်ခန့်ကျော် | ကြည်း | ၆၆၅၄၇ |
| (၅၄၇) | ရန်နောင်ထွေး | ကြည်း | ၆၆၅၄၈ |
| (၅၄၈) | သက်ခိုင် | ကြည်း | ၆၆၅၄၉ |
| (၅၄၉) | ထူးနေအောင် | ကြည်း | ၆၆၅၅၀ |
| (၅၅၀) | ကောင်းမြတ်လှိုင် | ကြည်း | ၆၆၅၅၁ |
| (၅၅၁) | မင်းသန့်ကျော် | ကြည်း | ၆၆၅၅၂ |
| (၅၅၂) | အောင်မျိုးလွင် | ကြည်း | ၆၆၅၅၃ |
| (၅၅၃) | ထူးထက်ကို | ကြည်း | ၆၆၅၅၄ |
| (၅၅၄) | နိုင်အောင်ထွန်း | ကြည်း | ၆၆၅၅၅ |
| (၅၅၅) | အောင်စည်သူ | ကြည်း | ၆၆၅၅၆ |
| (၅၅၆) | အောင်ဖြိုးဟိန်း | ကြည်း | ၆၆၅၅၇ |
| (၅၅၇) | အောင်မြတ်သူ | ကြည်း | ၆၆၅၅၈ |
| (၅၅၈) | အောင်ထက်ပိုင် | ကြည်း | ၆၆၅၅၉ |

| | | | |
|---|---|---|---|
| (၅၅၉) | စိုးမင်းနိုင် | ကြည်း | ၆၆၅၆၀ |
| (၅၆၀) | နေအောင်လှိုင် | ကြည်း | ၆၆၅၆၁ |
| (၅၆၁) | သုတင်ဝင်း | ကြည်း | ၆၆၅၆၂ |
| (၅၆၂) | ဇော်ထက် | ကြည်း | ၆၆၅၆၃ |
| (၅၆၃) | ဟိန်းစိုး | ကြည်း | ၆၆၅၆၄ |
| (၅၆၄) | အောင်သူထက် | ကြည်း | ၆၆၅၆၅ |
| (၅၆၅) | နေမျိုးဆွေ | ကြည်း | ၆၆၅၆၆ |
| (၅၆၆) | ဖြိုးမောင် | ကြည်း | ၆၆၅၆၇ |
| (၅၆၇) | ထက်ဝေအောင် | ကြည်း | ၆၆၅၆၈ |
| (၅၆၈) | သန့်ဇင်မျိုး | ကြည်း | ၆၆၅၆၉ |
| (၅၆၉) | ဟိန်းသူ | ကြည်း | ၆၆၅၇၀ |
| (၅၇၀) | စိုးမင်းအောင် | ကြည်း | ၆၆၅၇၁ |
| (၅၇၁) | သိန်းထိုက်အောင် | ကြည်း | ၆၆၅၇၂ |
| (၅၇၂) | သန့်ထက်အောင် | ကြည်း | ၆၆၅၇၃ |
| (၅၇၃) | ကျော်လင်းဟန် | ကြည်း | ၆၆၅၇၄ |
| (၅၇၄) | ကျော်ကိုကို | ကြည်း | ၆၆၅၇၅ |
| (၅၇၅) | သန်းထွဋ်အောင် | ကြည်း | ၆၆၅၇၆ |
| (၅၇၆) | ကောင်းဝင်းရှိန် | ကြည်း | ၆၆၅၇၇ |
| (၅၇၇) | သက်ဝေဖြိုး | ကြည်း | ၆၆၅၇၈ |
| (၅၇၈) | ဟန်ဇော်ညိမ်း | ကြည်း | ၆၆၅၇၉ |
| (၅၇၉) | အောင်သူ | ကြည်း | ၆၆၅၈၀ |
| (၅၈၀) | အောင်သူဟိန်း | ကြည်း | ၆၆၅၈၁ |
| (၅၈၁) | တေဇာဝင်းလှိုင် | ကြည်း | ၆၆၅၈၂ |
| (၅၈၂) | အောင်မင်းမင်း | ကြည်း | ၆၆၅၈၃ |
| (၅၈၃) | ဝေယံဖြိုး | ကြည်း | ၆၆၅၈၄ |
| (၅၈၄) | အောင်သူရ | ကြည်း | ၆၆၅၈၅ |
| (၅၈၅) | အောင်ပြည့်ဖြိုး | ကြည်း | ၆၆၅၈၆ |
| (၅၈၆) | ရဲမြတ်သူ | ကြည်း | ၆၆၅၈၇ |
| (၅၈၇) | ဇော်ဝင်းမောင် | ကြည်း | ၆၆၅၈၈ |
| (၅၈၈) | အောင်သူ | ကြည်း | ၆၆၅၈၉ |
| (၅၈၉) | အောင်ကျော်သက် | ကြည်း | ၆၆၅၉၀ |
| (၅၉၀) | ထက်အောင်ကို | ကြည်း | ၆၆၅၉၁ |
| (၅၉၁) | ပြည့်ဖြိုးအောင် | ကြည်း | ၆၆၅၉၂ |
| (၅၉၂) | ဟိန်းမင်းထွန်း | ကြည်း | ၆၆၅၉၃ |
| (၅၉၃) | စိုးမိုးအောင် | ကြည်း | ၆၆၅၉၄ |
| (၅၉၄) | ပြည့်လင်းကျော် | ကြည်း | ၆၆၅၉၅ |
| (၅၉၅) | ဇော်မင်းထက် | ကြည်း | ၆၆၅၉၆ |
| (၅၉၆) | ချမ်းကိုနိုင် | ကြည်း | ၆၆၅၉၇ |
| (၅၉၇) | တင်ဝင်းထွဋ် | ကြည်း | ၆၆၅၉၈ |
| (၅၉၈) | ဟိဏ်းထက် | ကြည်း | ၆၆၅၉၉ |
| (၅၉၉) | အောင်ကောင်းခန့် | ကြည်း | ၆၆၆၀၀ |
| (၆၀၀) | ထွန်းတေဇာလင်း | ကြည်း | ၆၆၆၀၁ |
| (၆၀၁) | ဇော်လွင် | ကြည်း | ၆၆၆၀၂ |
| (၆၀၂) | ကျော်သီဟထွန်း | ကြည်း | ၆၆၆၀၃ |

| | | | |
|---|---|---|---|
| (၆၀၃) | ဖြိုးဇော်ဟိန်း | ကြည်း | ၆၆၆၀၄ |
| (၆၀၄) | ဖြိုးကျော် | ကြည်း | ၆၆၆၀၅ |
| (၆၀၅) | သန်းဇော်ထက် | ကြည်း | ၆၆၆၀၆ |
| (၆၀၆) | အောင်သူ | ကြည်း | ၆၆၆၀၇ |
| (၆၀၇) | ကောင်းစံဝင်း | ကြည်း | ၆၆၆၀၈ |
| (၆၀၈) | ဇင်မင်းထွန်း | ကြည်း | ၆၆၆၀၉ |
| (၆၀၉) | ဟိန်းဝင်းအောင် | ကြည်း | ၆၆၆၁၀ |
| (၆၁၀) | ကောင်းထက်ဦး | ကြည်း | ၆၆၆၁၁ |
| (၆၁၁) | ဆန်းလွင်ဖြိုး | ကြည်း | ၆၆၆၁၂ |
| (၆၁၂) | မင်းခန့် | ကြည်း | ၆၆၆၁၃ |
| (၆၁၃) | ချစ်ကိုဝင်း | ကြည်း | ၆၆၆၁၄ |
| (၆၁၄) | စွမ်းထက်အောင် | ကြည်း | ၆၆၆၁၅ |
| (၆၁၅) | ပြည်စိုးကျော် | ကြည်း | ၆၆၆၁၆ |
| (၆၁၆) | မိုးမင်းအောင် | ကြည်း | ၆၆၆၁၇ |
| (၆၁၇) | ကောင်းထက်ဦး | ကြည်း | ၆၆၆၁၈ |
| (၆၁၈) | ရဲလင်းဟန် | ကြည်း | ၆၆၆၁၉ |
| (၆၁၉) | ငြိမ်းချမ်းအောင် | ကြည်း | ၆၆၆၂၀ |
| (၆၂၀) | စိုးမြတ်သူ | ကြည်း | ၆၆၆၂၁ |
| (၆၂၁) | ဖုန်းသူနိုင် | ကြည်း | ၆၆၆၂၂ |
| (၆၂၂) | ကျော်ဆက်ပိုင် | ကြည်း | ၆၆၆၂၃ |
| (၆၂၃) | သက်ထက်နိုင် | ကြည်း | ၆၆၆၂၄ |
| (၆၂၄) | ရဲဝင်းအောင် | ကြည်း | ၆၆၆၂၅ |
| (၆၂၅) | ဆန်းချစ်ဦး | ကြည်း | ၆၆၆၂၆ |
| (၆၂၆) | ကောင်းထက်ညိမ်း | ကြည်း | ၆၆၆၂၇ |
| (၆၂၇) | ထက်ဝေအောင် | ကြည်း | ၆၆၆၂၈ |
| (၆၂၈) | ကျော်ဇောလင်း | ကြည်း | ၆၆၆၂၉ |
| (၆၂၉) | အောင်မင်းကို | ကြည်း | ၆၆၆၃၀ |
| (၆၃၀) | ဇေယျာကျော် | ကြည်း | ၆၆၆၃၁ |
| (၆၃၁) | ပြည့်စုံ | ကြည်း | ၆၆၆၃၂ |
| (၆၃၂) | ရဲခေါင်ကျော်နိုင် | ကြည်း | ၆၆၆၃၃ |
| (၆၃၃) | ရဲအောင် | ကြည်း | ၆၆၆၃၄ |
| (၆၃၄) | ဝင်းမင်းသန်း | ကြည်း | ၆၆၆၃၅ |
| (၆၃၅) | ထင်လင်းထူး | ကြည်း | ၆၆၆၃၆ |
| (၆၃၆) | အောင်ဟန်သွင် | ကြည်း | ၆၆၆၃၇ |
| (၆၃၇) | စစ်မင်းပိုင် | ကြည်း | ၆၆၆၃၈ |
| (၆၃၈) | ပိုင်စိုး | ကြည်း | ၆၆၆၃၉ |
| (၆၃၉) | ရဲရင့်အောင် | ကြည်း | ၆၆၆၄၀ |
| (၆၄၀) | အောင်မျိုးဝင်း | ကြည်း | ၆၆၆၄၁ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်<br>( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၁ ရက် ) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ

**မြောက်ဘက်ကမ်းခြေ အထည်ချုပ်ကုမ္ပဏီလီမိတက်**

**(North Shore Garments Company Limited)**

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

**မြောက်ဘက်ကမ်းခြေ အထည်ချုပ်ကုမ္ပဏီလီမိတက် (North Shore Garments Company Limited)** ၏ အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအရပ်ရပ်အထွေထွေအစည်းအဝေးကြီးအား ကုမ္ပဏီ၏ ရုံးခန်းလိပ်စာဖြစ်သော အမှတ် (၆၄)၊ ပထမထပ်၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၂-၄-၂၀၁၄) နေ့လယ် (၁း၀၀) နာရီ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ၏ အစုရှယ်ယာရှင်အားလုံး တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ် - ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊ ရိုးမရိပ်သာ၊ ပြည်လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

## သံလွင် သယံဇာတကုမ္ပဏီလီမိတက်

## Thanlwin Natural Resources Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **သံလွင် သယံဇာတကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၁၈-၃-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၂-၄-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအားဝူ
မန်နေးဂျင်းဒါရိုက်တာ
သံလွင် သယံဇာတကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## ထွန်းဧရာ ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

## TUN AYAR SERVICES CO., LTD

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၄ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ထွန်းဧရာ ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (TUN AYAR SERVICES CO., LTD)** အား (၂၀-၃-၂၀၁၄) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဟန်ထွန်း
မန်နေးဂျင်းဒါရိုက်တာ
ထွန်းဧရာ ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၂၁-၃-၂၀၁၄။